JUSTICE FOR MYANMAR

# စစ်တပ်အကျိုးစီးပွား ပါဝင်ပတ်သက်နေမှုက မြန်မာအစိုးရ၏ ဖားကန့်ကျောက်စိမ်းတူးဖော်ရေး မြေပြိုမှုဖြစ်ရပ် စုံစမ်းစစ်ဆေးရေးကို ပျက်ပြားစေသည်။

*ယုံကြည်ထိုက်သော စုံစမ်းစစ်ဆေးမှုများနှင့် ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန် Justice For Myanmar မှ တောင်းဆိုလိုက်သည်။*

**ဇူလိုင် ၆ ရက်၊ ၂၀၂၀။ မြန်မာနိုင်ငံ**

လူပေါင်း ၂၀၀ နီးပါး သေဆုံးခဲ့ရသည့် ဖားကန့်မြေပြိုမှုဖြစ်ရပ်အတွက် စုံစမ်း စစ်ဆေးရန် ဖွဲ့စည်းသည့် ကော်မတီတွင် မြန်မာစစ်တပ်၏ ကျောက်စိမ်းစီးပွားရေး လုပ်ငန်း အဓိကရှယ်ယာရှင်တဦး ဖြစ်နေသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်မှ အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းသည် အကျိုးစီးပွားပဋိပက္ခ ရှိနေသည့်အတွက် Justice For Myanmar မှ ကန့်ကွက်ပါသည်။ မြန်မာအစိုးရအနေဖြင့် ဖားကန့်ဖြစ်ရပ်ဆိုးအတွက် တာဝန်ရှိသူများအား တာဝန်ခံစေခြင်းနှင့် စစ်တပ်ကို စီးပွားရေးနယ်ပယ်မှ ဖယ်ရှားခြင်း တို့ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၂၀၂၀ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတရုံးမှ ဖားကန့်မြေပြိုမှုဖြစ်ရပ်၏ အကြောင်း အရင်းအား စုံစမ်းစစ်ဆေးရန်၊ မြေပြိုမှုတွင် တာဝန်ရှိသူများအား ဖော်ထုတ်နိုင်ရန်၊ နောက်ထပ်မတော်တဆမှု များအား ကာကွယ်ရေး လုပ်ငန်းအစီအစဉ်များရေးဆွဲရန်အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းသည့် အမိန့် ကြေညာစာအမှတ် ၈၄/၂၀၂၀ ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါကော်မတီတွင် စစ်တပ်မှ တိုက်ရိုက်ခန့်ထားသည့် ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်

JUSTICE FOR MYANMAR

ပါဝင် နေသည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် စစ်တပ်၏ အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် တစ်ဦးချင်းအစုရှယ်ယာ အများဆုံးပိုင်ဆိုင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ဖားကန့်ဒေသအပါအဝင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိနေသည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းအနေဖြင့် မိမိပုဂ္ဂလိကဝင်ငွေကို လျော့နည်းစေနိုင်သည့် ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းအတွင်း လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ကာကွယ်ရန်အတွက် ရှိရင်းစွဲအကျိုးစီးပွား ရှိနေသည်ဖြစ်ရာ စိုးရိမ်ဖွယ်အကျိုးစီးပွားပဋိပက္ခတစ်ရပ် ဖြစ်စေပါသည်။

ကော်မတီအဖွဲ့ဝင်များအားလုံး ပုဂ္ဂလိကပိုင်ဆိုင်မှုများ ကြေညာပေးရန်နှင့် ကျောက်စိမ်းလုပ်ငန်းနှင့် စီးပွားရေးစပ်ဆက်မှုတစုံတရာရှိပါက ကော်မတီမှ နှုတ်ထွက်ပေးရန် Justice For Myanmar မှ တောင်းဆိုသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းအပါအဝင် ကျောက်စိမ်းစီးပွားရေးလုပ်ငန်းနဲ့ စပ်ဆက်မှုရှိနေတဲ့ အဖွဲ့ဝင်တွေအားလုံး ကော်မတီကနေ ချက်ချင်းနှုတ်ထွက်ပေးဖို့ လိုပါတယ်။ အဲ့လိုမှမဟုတ်ရင် စုံစမ်းစစ်ဆေးမှုဟာ ယုံကြည်ရတဲ့ စုံစမ်းစစ်ဆေးမှု မဖြစ်နိုင်ပါဘူး။ ဒီဖြစ်ရပ်ဆိုးအတွက် ပြည်သူတွေရဲ့အသက်တွေစတေးပြီး မြန်မာ့တရားရေးစနစ်နဲ့ နိုင်ငံရေးစနစ်တွေကို ခြယ်လှယ်အမြတ်ထုတ်နေတဲ့၊ ကျောက်စိမ်းကုန်သွယ်ရေးကနေ အဓိကအကျိုးအမြတ်ရနေသူတွေ ဖြစ်တဲ့ မြန်မာစစ်တပ်အပေါ် တစ်စိတ်တစ်ပိုင်းတော့အပြစ်တင်ရပါလိမ့်မယ်"* ဟု ပြောကြားသည်။

မြန်မာ့စီးပွားရေးဦးပိုင်သည် အဓိကကျောက်စိမ်းတူးဖော်ရေးလုပ်ဆောင်သူဖြစ်ပြီး မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ၏ (၂၀၁၇-၂၀၁၈) အစီရင်ခံစာအရ ၎င်းတို့ လက်ဝေခံကုမ္ပဏီ Myanmar Imperial Jade Co Ltd က

JUSTICE FOR MYANMAR

ကျောက်စိမ်းလိုင်စင် ၃၉၇ ခုကို ပိုင်ဆိုင်ထားပြီး လိုင်စင်အရေအတွက်အများဆုံး ပိုင်ဆိုင်ထားသည့် ကုမ္ပဏီဖြစ်သည်။ ယင်းလိုင်စင်အားလုံး သည် ဖားကန့်ဒေသအပါအဝင် ကချင်ပြည်နယ်တွင်း လုပ်ကွက်လိုင်စင်များ ဖြစ်သည်။ မြန်မာ့စီးပွားရေးဦးပိုင် သည် Myanmar Imperial Jade Co Ltd မှတဆင့် အခြားသောကျောက်စိမ်းကုမ္ပဏီခွဲများနှင့် KBZ Group အပါအဝင် ခရိုနီများအား လုပ်ပိုင်ခွင့်လိုင်စင်များကိုလည်းဖန်တီးပေးခဲ့သည်။

မြန်မာ EITI ၏ လိုင်စင်အချက်အလက်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာလွှဲပြောင်းမယူမီ ရက်သတ္တပတ်များမတိုင်ခင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင် ကျောက်စိမ်းလိုင်စင် ၃၀၀ နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် နောက်ထပ်ကျောက်စိမ်းလိုင်စင် ၆၁ ခုကို Myanmar Imperial Jade Co Ltd အား ပေးအပ်ခဲ့သည်။ ယင်းကဲ့သို့ အချိန်ကိုက်ဆောင်ရွက်မှုသည် အလွန်သံသယဖြစ်ဖွယ်ပင် ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း အပါအဝင် မြန်မာ့စီးပွားရေးဦးပိုင်၏ အဓိက ရှယ်ယာရှင်များနှင့် ဒါရိုက်တာများသည် ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့စီးပွားရေးဦးပိုင်၏ ကျောက်စိမ်းလိုင်စင်များ အလျင်စလို ရရှိရေးကဲ့သို့သော စစ်တပ်၏ တိုင်းပြည်ပိုင်ပစ္စည်း ခိုးယူနေမှုများတွင် ပါဝင်ပတ်သက်နေပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၏ ဖခင် ဗိုလ်ချုပ်လွန်းမောင်သည်လည်း မြန်မာ့စီးပွားရေးဦးပိုင်၏ရှယ်ယာရှင်တစ်ယောက်ဖြစ်သည်။

**မရတနာမောင်က** *"ဖားကန့်မြေပြိုမှုဖြစ်ရပ်ဆိုးက ကျောက်စိမ်းလုပ်ငန်းအပါအဝင် အမြတ်အစွန်းကြီးတဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းတွေမှာ အစစ်အဆေးမရှိဘဲ လုပ်ကိုင်နေတဲ့ စစ်တပ်စီးပွားရေးလုပ်ငန်းတွေ၊ ခရိုနီတွေ နဲ့ လက်နက်ကိုင်အုပ်စုတွေရဲ့ အကျင့်ပျက်ချစားမှုတွေကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းမရှိခဲ့တဲ့ မြန်မာပြည်ရဲ့ အမည်ခံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ် မအောင်မြင်မှုကိုလည်း ပိုပြီးသက်သေခံနေပါတယ်။ သတ္တုတူးဖော်ရေးကဏ္ဍက NLD ဦးဆောင်တဲ့ အရပ်သားအစိုးရ အောက်မှာ အရေးတကြီး ပြုပြင်ပြောင်းလဲမှုတွေကို ရှင်းရှင်းလင်းလင်းနဲ့ ပိုမိုလုပ်ဆောင်ရမယ့် ကဏ္ဍ ဖြစ်ပါတယ်။ စစ်တပ်အနေနဲ့ သူတို့ကျူးလွန်နေတဲ့*

JUSTICE FOR MYANMAR

*လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အကျင့်ပျက်ခြစားမှုတွေ အတွက် တာဝန်ယူတာဝန်ခံရပါမယ်"* ဟု ဆက်လက်ပြောကြားသည်။

**အယ်ဒီတာများသို့မှတ်ချက်**

**Justice For Myanmar** သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးအတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူတစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေးရှုလျက် စစ်တပ်စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန်တောင်းဆိုလျက်ရှိသည်။

စစ်တပ်ပိုင် ကျောက်စိမ်းစီးပွားရေးလုပ်ငန်းအပါအဝင် စစ်တပ်ပိုင်လုပ်ငန်းစုများ၏ အုပ်ချုပ်မှုဖွဲ့စည်းပုံကို သိရှိလိုလျှင် - **ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်အစီရင်ခံစာ** - **(မြန်မာစစ်တပ်၏စီးပွားရေးအကျိုးအမြတ်များ)** တွင် ကြည့်ရှုနိုင်ပါသည်။

**ထပ်မံသိရှိလိုပါက-**

**ရတနာမောင်**


အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/